## ၂၀၂၀ ပြည့်နှစ်၊ ဒုတိယလေးလပတ်ကာလအပါအဝင် ၂၀၂၀ ပြည့်နှစ်၊ ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည်နာလန်ထူလာသည့်အခြေအနေတင်ပြခြင်း

**နိဒါန်း**

၁။ ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာ့နိုင်ငံအများစုတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် စီးပွားရေးအပေါ် သက်ရောက်မှုများအား ကုစားနိုင်မည့်အစီအမံများ ချမှတ်၍ ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ထိုကဲ့သို့ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဒုတိယလေးလပတ်တာကာလအတွင်း၌ ပြည်တွင်းသုံးစွဲမှု၊ လက်လီရောင်းချခြင်း အပါအဝင် စက်မှုလုပ်ငန်းများမှ ထုတ်လုပ်ထွက်ရှိမှု၊ ပုံသေပစ္စည်းရင်းနှီးမြှုပ်နှံမှုများစသည့် နိုင်ငံ၏ အဓိကစီးပွားရေးအညွှန်းကိန်းများ ပြန်လည်ဦးမော့လာပြီဖြစ်ပါသည်။ COVID-19 ကမ္ဘာ့ကပ်ရောဂါ ဆက်လက်ဖြစ်ပွားလျက် ရှိသော်လည်း ၂၀၂၀ ပြည့်နှစ်၊ ဒုတိယလေးလပတ်တာကာလအတွင်း တရုတ်နိုင်ငံ၏ စီးပွားရေးသည် မျှော်မှန်းထားသည်ထက် ပိုမိုတိုးတက်ကောင်းမွန်ခဲ့ပါသည်။

**အစိုးရ၏လုပ်ငန်းအစီရင်ခံစာအရ စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ရေးနှင့် ပြန်လည်ကောင်းမွန်လာရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများ**

၂။ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၁ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် (၁၃) ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်(13th National People's Congress-NPC)နှင့် (၁၃) ကြိမ်မြောက် တရုတ်နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (13th National Committee of Chinese People's Political Consultative Conference-CPPCC) တတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေး၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် Li Keqiang တင်သွင်းသည့် အစိုးရ၏ လုပ်ငန်းအစီရင်ခံစာတွင် နိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ၂၀၂၀ ပြည့်နှစ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များအား ဖော်ပြထားပါသည်။

၃။ အဆိုပါအစီရင်ခံစာအရ ၂၀၂၀ ပြည့်နှစ်အတွင်း အလုပ်အကိုင်တည်ငြိမ်မှုရှိစေရန်နှင့် လူနေမှုအဆင့်အတန်းသေချာမှုရှိစေရန်၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရန်၊ အသင့်အတင့်ပြည့်စုံသည့်နေထိုင်မှု

အသိုက်အဝန်းဖြစ်လာစေရန် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း အောက်ပါအစီအမံများအား ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း သိရှိရပါသည်-

(က) ကောက်ယူထားသည့်စစ်တမ်းများအရ မြို့ပြတွင် အလုပ်လက်မဲ့ရာခိုင်နှုန်း (၆) ရာခိုင်နှုန်း ၊ မှတ်ပုံတင်ထားသည့် အလုပ်လက်မဲ့ရာခိုင်နှုန်း (၅.၅) ရာခိုင်နှုန်းရှိသည့်အတွက် အလုပ်အကိုင်နေရာအသစ် (၉) သန်းကျော် ဖန်တီးပေးရန်၊

(ခ) စားသုံးသူဈေးဆနှုန်းကိန်း (Consumer Price Index-CPI) တိုးတက်မှုနှုန်း (၃.၅) ရာခိုင်နှုန်းရှိရန်၊

(ဂ) အရည်အသွေးမြင့်မား၍ ပိုမိုတည်ငြိမ်သည့် ကုန်သွယ်မှုစနစ် မျှခြေရရှိအောင် ဆောင်ရွက်ရန်၊

(ဃ) စီးပွားရေးတိုးတက်မှုနှုန်းနှင့်အညီ ပြည်သူလူထု၏ ဝင်ငွေတိုးတက်မှုရရှိအောင် ဆောင်ရွက်သွားရန်၊

(င) ဆင်းရဲနွမ်းပါးသည့် စီရင်စုအားလုံးနှင့် လက်ရှိဆင်းရဲနွမ်းပါးသည့်စံနှုန်းအောက် သို့ ရောက်ရှိနေသည့် ပြည်သူလူထုအားလုံးဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်နိုင် အောင် ဆောင်ရွက်ရန်၊

(စ) အဓိကဘဏ္ဍာရေးအခက်အခဲ၊ အကြပ်အတည်းများ ထိန်းချုပ်ခြင်း၊ ကာကွယ်ခြင်း စသည့် စီမံဆောင်ရွက်မှုများအား ထိရောက်အောင် ဆောင်ရွက်ရန်၊

(ဆ) ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးအလိုက် စွမ်းအင်သုံးစွဲမှုလျှော့ချခြင်းဖြင့် ပတ်ဝန်းကျင်အဓိကထိခိုက်ပျက်စီးစေမှုအား လျှော့ကျစေရန်၊

(ဇ) (၁၃)ကြိမ်မြောက် ငါးနှစ်စီမံကိန်းအား ပြည့်မီအောင်ဆောင်ရွက်ရန်၊

၄။ COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ကမ္ဘာ့စီးပွားရေးနှင့် ကုန်သွယ်မှုပတ်ဝန်းကျင်တွင် ကြီးမားသည့် မသေချာမှုများ ဖြစ်ပေါ်လျက်ရှိရာ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်နိုင်မှုအခြေအနေနှင့်ပတ်သက်၍

ခန့်မှန်းချမှတ်ရန် ခက်ခဲလျက်ရှိသည့်အတွက် ၂၀၂၀ ပြည့်နှစ်အတွင်း ပြည့်မီရန် လိုအပ်သည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအချက်အလက်များ သီးခြားသတ်မှတ်ထားခြင်းမပြုပါ။ ထိုကဲ့သို့မျှော်မှန်းချက်မထားရှိခြင်းကြောင့် နိုင်ငံအနေဖြင့် အလုပ်အကိုင်ဖန်တီးမှု၊ ဘဏ္ဍာရေးကဏ္ဍ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် မျှော်မှန်းထားသည့်လုပ်ဆောင်မှုများ တည်ငြိမ်မှုရရှိစေရန် အဓိကထားဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အလုပ်အကိုင်လုံခြုံစိတ်ချရမှု၊ လူမှုဘဝများ၏ အခြေခံလိုအပ်ချက်များ၊ ဈေးကွက်လည်ပတ်မှု၊ အစားအစာနှင့် စွမ်းအင်လုံခြုံစိတ်ချရမှု၊ စက်မှုလုပ်ငန်းနှင့် တန်ဖိုးချိတ်ဆက်ကူးပြောင်းမှုများ တည်ငြိမ်မှုရရှိစေရန်၊ အခြေခံအဆင့်၌ အစိုးရ၏ ပုံမှန်လည်ပတ်မှုယန္တရား တည်ငြိမ်စွာလည်ပတ်မှုရှိစေရန် ဦးစားပေး၍ စီးပွားရေး တည်ငြိမ်မှုရရှိစေရန် အဓိကထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ ၂၀၂၀ ပြည့်နှစ်အတွင်း ပိုမိုထိရောက်သေချာသည့်ဘဏ္ဍာရေးမူဝါဒများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း ကြွေးမြီတရုတ်ယွမ်ငွေ (၁) ထရီလီယံအထိ တိုးမြှင့်လာကြောင်း တွေ့ရှိရသည့်အတွက် ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးနှင့် ကြွေးမြီထားရှိမှုအချိုးအား (၃.၆) ရာခိုင်နှုန်းထက် ကျော်လွန်ထားရှိရန် သတ် မှတ်ခြင်း၊ COVID-19 ထိန်းချုပ်မှုများ ဆောင်ရွက်ရန် အစိုးရအနေဖြင့် ငွေချေးစာချုပ်တန်ဖိုးပမာဏ တရုတ်ယွမ်ငွေ (၁) ထရီလီယံ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ပိုမိုချောမွေ့အဆင်ပြေစေမည့်နည်းလမ်းများဆောင်ရွက်ခြင်းဖြင့် သင့်တော်သည့်ငွေကြေးမူဝါဒများ ချမှတ်နိုင်ရန် လိုအပ်သည့်ကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ အလားတူပင် အလုပ်အကိုင်ရရှိရေးအတွက် ဘက်စုံပြီးပြည့်စုံသည့်စီမံဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းအောင်ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၆။ အလုပ်အကိုင်ရရှိမှုနှင့်အတူ လုပ်ငန်းများတည်ငြိမ်မှုရှိစေရန်၊ နိုင်ငံ၏စီးပွားရေးမူဝါဒများ အကောင်အထည်ဖော်နိုင်ရန် အခွန်အခများ ထပ်မံလျှော့ချခြင်း၊ အခြေခံကျသည့် စီမံဆောင်ရွက်မှုများဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသည့်မူဝါဒများ အပြည့်အဝအကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းများအနေဖြင့် တစ်နှစ်ပတ်လုံး ထပ်မံစုဆောင်းငွေ တရုတ်ယွမ်ငွေ (၂.၅)ထရီလီယံကျော် ရရှိအောင်ဆောင်ရွက်ခြင်း၊ လုပ်ငန်းများ၏ ထုတ်လုပ်ရေးနှင့် လည်ပတ်ရေးကုန်ကျစရိတ်များ လျှော့ချသွားရန်၊ လုပ်ငန်းများတည်ငြိမ်စွာလည်ပတ်မှုရှိစေရန် ဘဏ္ဍာငွေပံ့ပိုးမှုများ တိုးမြှင့်ပေးခြင်းဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများအနေဖြင့် ချေးငွေများ ပိုမိုရရှိစေရန်၊ ဘဏ္ဍာငွေကုန်ကျစရိတ်သိသာစွာကျဆင်းအောင်ဆောင်ရွက်ရန်၊ အဓိကကျသည့်ကဏ္ဍများ၊ လုပ်ငန်းများ၌ အလုပ်

အကိုင်နေရာများဖန်တီးပေးနိုင်စေရန်၊ အလုပ်အကိုင်ရရှိမှု ပိုမိုအဆင်ပြေချောမွေ့စေရန်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်အတွင်း၌ သက်မွေးပညာနှင့်ပတ်သက်သည့် အခွင့်အလမ်း (၃၅) သန်းအထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်မွေးပညာသင်တန်းကျောင်းသို့ တက်ရောက်သင်ကြားခွင့်အား သင်တန်းသားဦးရေ (၂) သန်းအထိ ခွင့်ပြုခြင်းစသည့် စီမံဆောင်ရွက်မှုများဖြင့် အလုပ်အကိုင်ပိုမိုရရှိစေရန်နှင့် တည်ငြိမ်မှုရှိစေရန် လိုအပ်သည့်လုပ်ဆောင်ချက်များအား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၇။ ဈေးကွက်လုပ်ဆောင်ချက်များ ပိုမိုခိုင်မာအားကောင်းလာစေရန် ပြုပြင်ပြောင်းလဲခြင်း၊ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ချက်အသစ်များအား ခိုင်မာမှုရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် လုပ်ငန်းများ၊ ထုတ်လုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ကူညီထောက်ပံ့ပေးခြင်း၊ ဈေးကွက်အခြေခံ၍ ဥပဒေအခြေခံသည့် နိုင်ငံတကာစံချိန် စံညွှန်းများနှင့်ကိုက်ညီသည့် စီးပွားရေးပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

၈။ ပြည်တွင်းဝယ်လိုအားတိုးတက်လာစေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံ အရှိန်မြှင့်တင်၍ တိုးတက်လာစေရန် ရည်ရွယ်၍ ဝယ်လိုအားပုံစံအား ပြုပြင်ပြောင်းလဲခြင်း၊ လူမှုစီးပွားဘဝများတိုးတက်စေခြင်း၊ စားသုံးမှုမြင့်တက်စေခြင်း၊ ဘက်စုံကဏ္ဍစုံ၌ ရင်းနှီးမြှုပ်နှံမှု တိုးချဲ့လုပ်ကိုင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အလားတူပင် စားသုံးမှုပြန်လည်မြင့်တက်လာစေရန် စားသုံးသူများအား ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြန်လည်တိုးတက်လာစေရန် ထောက်ပံ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၉။ နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်ရည်မှန်းချက်အား ပြည့်မီရန် ဆင်းရဲနွမ်းပါးဆဲ ဖြစ်သည့် စီရင်စုများ၊ ကျေးရွာများ၏ ဆင်းရဲနွမ်းပါးမှုအား ဖယ်ရှားနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျေးလက်ဒေသများရှိ ပြည်သူလူထုအနေဖြင့် ဝင်ငွေတိုးတက်လာစေရန် အတွက် အလုပ်အကိုင်ရရှိရန်၊ စိုက်ပျိုးထုတ်လုပ်ထွက်ရှိမှု ကောင်းမွန်လာစေရန် လိုအပ်သည့်ထောက်ပံ့ကူညီမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၀။ ပြည်ပကုန်သွယ်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ကောင်းမွန်တည်ငြိမ်စေရန် အရည်အသွေးမြင့်မားသည့် ဖွင့်လှစ်ပေးမှုများ ပိုမိုလုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ပြည်ပကုန်သွယ်မှုတည်ငြိမ်စေရန် လုပ်ငန်းများအနေဖြင့် မှာယူမှုများပိုမိုရရှိစေရန်၊ လုပ်ငန်းများလည်ပတ်စေရန်ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးခြင်း၊ ပိုမိုတင်သွင်းနိုင်ရန်ဆောင်ရွက်ပေးခြင်း၊ တစ်ကမ္ဘာလုံးမှ ပါဝင်ဆောင်ရွက်နိုင်သည့် အရည်အသွေးမြင့်မားသောဈေးကွက် ဖြစ်ပေါ်လာစေရန်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ ပါဝင်ဆောင်ရွက်ခွင့်မရှိသည့် လုပ်ငန်းအမျိုးအစားများ လျှော့ချပေးခြင်း၊ နယ်စပ်ဖြတ်ကျော်ဝန်ဆောင်မှုကုန်သွယ်ရေး ဆောင်ရွက်ခွင့်မပြုသည့်စာရင်း ပြုစုခြင်း၊ နိုင်ငံအတွင်း ဆောင်ရွက်နေသည့်လုပ်ငန်းများအား နိုင်ငံသား/နိုင်ငံခြားသားခွဲခြားခြင်းမပြုဘဲ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဈေးကွက်ဝင်အခွင့်အလမ်းဆိုင်ရာပတ်ဝန်းကျင်ကောင်းများဖန်တီးပေးခြင်း၊ ရပ်ဝန်းနှင့်ပိုးလမ်းမပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၌ ပူးပေါင်းဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်စေရန် အဓိကထားဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖြေလျှော့ပေးခြင်း၊ လျှင်မြန်ချောမွေ့စေခြင်းတို့ကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၁၁။ တရုတ်နိုင်ငံ၊ နိုင်ငံတော်ကောင်စီသည် ပြည်ပသို့တင်ပို့မည့်လုပ်ငန်းများအား ပံ့ပိုးမှုများ ပိုမိုဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ တရုတ်နိုင်ငံရှိလုပ်ငန်းများအနေဖြင့် ပိုမိုကောင်းမွန်သည့် ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေရန်အကောင်အထည်ဖော်ဆောင်ရွက်မည့် လမ်းညွှန်ချက်များအား (၂၁-၇-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါထုတ်ပြန်ကြေညာချက်အရ ပြည်ပမှဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံခြားအရင်းအနှီးဖြင့် လည်ပတ်နေသည့်လုပ်ငန်းများ၊ ပြည်ပသို့ တင်ပို့သည့်လုပ်ငန်းများအပေါ် ကန့်သတ်မှုများ ပိုမိုဖြေလျှော့ပေးမည်ဖြစ်ပါသည်။ နိုင်ငံခြားအရင်းအနှီးဖြင့်လုပ်ကိုင်သည့်လုပ်ငန်းများအား ပြည်နယ်အဆင့်များ၌ လုပ်ငန်းများ မှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ပြီး ပြည်ပသို့တင်ပို့သည့် လုပ်ငန်းများအနေဖြင့် ပြည်တွင်းတွင် ရောင်းချမှုများဆောင်ရွက်နိုင်ရန် ကူညီထောက်ပံ့ပေးသည့်ထုတ်ကုန်မှတ်ပုံတင်သည့်လုပ်ငန်းစဉ်များအား ရိုးရှင်းလွယ်ကူအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၂။ အလားတူပင် နိုင်ငံတကာအသိအမှတ်ပြု သက်ဆိုင်ရာလက်မှတ်များရရှိထားသည့် လုပ်ငန်းများအနေဖြင့် ပြည်တွင်းသတ်မှတ်ထားသည့်စံချိန်စံညွှန်းနှင့်ကိုက်ညီပါက စာရေးသားကတိပြု၍ ပြည်တွင်းဈေးကွက်အတွင်းသို့ တိုက်ရိုက်ရောင်းချနိုင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ထုံးလုပ်နည်းများ ရိုးရှင်းလွယ်ကူအောင်ဆောင်ရွက်ရာ၌ စားသုံးသူများ လုံခြုံစိတ်ချရမှုနှင့် တိုက်ရိုက်ဆက်နွယ်နေသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မော်တော်ကားနှင့် ကလေးကစားစရာများစသည်တို့ ပါဝင်သည့် ကုန်ပစ္စည်း(၁၀၃)မျိုး ပါဝင်ခြင်းမရှိဘဲ အဆိုပါကုန်ပစ္စည်းများနှင့် ပတ်သက်၍မူ ပုံမှန်လုပ်ထုံးလုပ်နည်းများ လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

## ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (Gross Domestic Product– GDP)

၁၃။ တရုတ်အမျိုးသားစာရင်းအင်းဗျူရိုမှ ထုတ်ပြန်ခဲ့သည့်အချက်အလက်များအရ တရုတ်နိုင်ငံ၏ စီးပွားရေးသည် ၂၀၂၀ ပြည့်နှစ်၊ ပထမလေးလပတ်တာကာလအတွင်း၌ တရုတ်နိုင်ငံအနေဖြင့် ဆယ်စုနှစ် (၃) ခုတာကာလအတွင်း ပထမဆုံးအကြိမ် အနိမ့်ဆုံးနှုန်းအဖြစ် ပြီးခဲ့သည့်နှစ်၊ ကာလတူထက် (၆.၈)ရာခိုင်နှုန်းကျဆင်းသွားခဲ့သော်လည်း ဒုတိယလေးလပတ်တာကာလအတွင်း၌ ပြီးခဲ့သည့်နှစ်၊ ကာလတူထက် (၃.၂) ရာခိုင်နှုန်း ပြန်လည်တိုးတက်လာခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ပထမနှစ်ဝက်တာကာလအတွင်း တရုတ်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (Gross Domestic Product –GDP) စုစုပေါင်းပမာဏ ယွမ် (၄၅.၆၆) ထရီလီယံ (အမေရိကန်ဒေါ်လာ (၆.၅၃) ထရီလီယံ) ရရှိခဲ့သည့်အတွက် ၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်နှင့်နှိုင်းယှဉ်ပါက (၁.၆) ရာခိုင်နှုန်းသာ ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

၁၄။ တရုတ်နိုင်ငံ၏စီးပွားရေးသည် ၂၀၂၀ ပြည့်နှစ်၊ ဒုတိယသုံးလပတ်ကာလတွင် မျှော်မှန်းထားသည်ထက် ပိုမိုအားကောင်းလာခဲ့ပြီး COVID–19 ရောဂါကူးစက်ပျံ့နှံ့မှုများအား ကောင်းစွာထိန်းချုပ်နိုင်ခဲ့ကာ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လတွင် စက်မှုလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုတန်ဖိုးသည် (၄.၈) ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။ တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းများမှ ထွက်ရှိမှုသည် ၂၀၂၀ ပြည့်နှစ်၊ ပထမလေးလပတ်ကာလအတွင်း ပြီးခဲ့သည့်နှစ်၊ ကာလတူထက် (၇.၁) ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါသည်။၂၀၂၀ ပြည့်နှစ်၊ ပထမနှစ်ဝက်အတွင်း၌ စက်မှုလုပ်ငန်းများမှထွက်ရှိမှုသည် ပြီးခဲ့သည့်နှစ်ကာလတူထက် (၁.၃) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

၁၅။ ၂၀၂၀ ပြည့်နှစ်၊ ဒုတိယလေးလပတ်တာကာလအတွင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ ဆောင်ရွက်ပေးနိုင်ခဲ့မှုသည် ၂၀၂၀ ပြည့်နှစ်၊ ပထမလေးလပတ်ထက် (၅.၆) ရာခိုင်နှုန်း တိုးတက်လာခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်၊ ပထမနှစ်ဝက်ကာလအတွင်း ဝန်ဆောင်မှုလုပ်ငန်းများမှ ထုတ်လုပ်မှုသည် ပြီးခဲ့သည့်နှစ်ကာလတူထက် (၆.၁) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ အလားတူပင် တရုတ်နိုင်ငံ၊ အမျိုးသားစာရင်းအင်းဗျူရို (National Bureau of Statistics–NBS)မှ ထုတ်ပြန်ကြေညာခဲ့သည့် အချက်အလက်များအရ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း တရုတ်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၅.၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။

## ကုန်သွယ်မှုကဏ္ဍ

၁၆။ တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်၊ ပထမနှစ်ဝက်အတွင်း ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏယွမ် (၁၄.၂၄) ထရီလီယံ(အမေရိကန်ဒေါ်လာ (၂.၀၄) ထရီလီယံ) ရရှိခဲ့သည့်အတွက် ၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်ကာလနှင့်နှိုင်းယှဉ်ပါက (၃.၂) ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ အဆိုပါကာလအတွင်း ပို့ကုန်ပမာဏယွမ် (၇.၇၁) ထရီလီယံရရှိခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်၊ ကာလတူထက် (၃) ရာခိုင်နှုန်း၊ သွင်းကုန်ပမာဏ ယွမ် (၆.၅၃) ထရီလီယံရှိခဲ့ပြီး (၃.၃) ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ပါသည်။

၁၇။ အဆိုပါကာလအတွင်း အာဆီယံနိုင်ငံများသည် တရုတ်နိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ခဲ့ပြီး ကုန်သွယ်မှုပမာဏ ယွမ် (၂.၀၉) ထရီလီယံ ရရှိခဲ့သဖြင့် ၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်ထက် (၅.၆) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ဥရောပနိုင်ငံများနှင့်ကုန်သွယ်မှုပမာဏ ယွမ် (၁.၉၉) ထရီလီယံရရှိခဲ့ရာ ပြီးခဲ့သည့်နှစ်၊ ကာလတူထက် (၁.၈) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ အမေရိကန်နိုင်ငံနှင့်ကုန်သွယ်မှုပမာဏသည် ယွမ် (၁.၆၄) ထရီလီယံသာ ရှိခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်၊ ကာလတူထက် (၆.၆) ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။

၁၈။ ၂၀၂၀ ပြည့်နှစ်၊ ပထမ (၆) လတာကာလအတွင်း တရုတ်နိုင်ငံသည် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံများအနေဖြင့် COVID–19 ရောဂါကူးစက်ပျံ့နှံ့မှုများအား တိုက်ဖျက်ရန် အရေးတကြီးလိုအပ်သည့် ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ကုန်ပစ္စည်းများတင်ပို့မှုပမာဏ မြင့်တက်ခဲ့ပါသည်။ အဆိုပါကာလအတွင်း၌ ပြည်ပနိုင်ငံများသို့ Face Masks အပါအဝင် အထည်အလိပ်ပို့ကုန်ပမာဏသည်

(၃၂.၄) ရာခိုင်နှုန်း၊ ဆေးပစ္စည်းတင်ပို့မှုတွင် (၂၃.၆) ရာခိုင်နှုန်း၊ ဆေးပစ္စည်းနှင့် ပတ်သက်သည့် ဆက်စပ်ပစ္စည်းများတင်ပို့မှုတွင် (၄၆.၄) ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ပါသည်။

## နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု

၁၉။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း တရုတ်နိုင်ငံအတွင်းသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်သည့်ပမာဏ ယွမ် (၁၁၇) ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၆.၇၃ ဘီလီယံ)ရှိသည့်အတွက် ၂၀၁၉ ခုနှစ်၊ ဇွန်လနှင့် နှိုင်းယှဉ်ပါက (၇.၁) ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။ တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဒုတိယလေးလပတ်ကာလအတွင်း နိုင်ငံအတွင်းသို့ လာရောက်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆောင်ရွက်သည့်ပမာဏ (၈.၄) ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ကြေညာခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ပထမနှစ်ဝက်ကာလအတွင်း တရုတ်နိုင်ငံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ ယွမ် (၄၇၂.၁၈) ဘီလီယံ စီးဝင်ခဲ့သည့်အတွက် ၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်နှင့်နှိုင်းယှဉ်ပါက (၁.၃) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ အဆိုပါကာလအတွင်း စင်ကာပူနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမှု (၇.၈) ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံမှ (၆) ရာခိုင်နှုန်း၊ ရပ်ဝန်းနှင့်ပိုးလမ်းမဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Belt and Road Initiative) တွင် ပူးပေါင်းပါဝင်လျက်ရှိသည့် ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှု (၂.၉) ရာခိုင်နှုန်းအသီးသီး မြင့်တက်ခဲ့ပါသည်။

၂၀။ ၂၀၂၀ ပြည့်နှစ်၊ ပထမနှစ်ဝက်ကာလအတွင်း တရုတ်နိုင်ငံ၏ဘဏ္ဍာရေး မဟုတ်သော ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ယွမ် (၃၆၂.၁၄) ဘီလီယံရှိခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်နှင့်နှိုင်းယှဉ်ပါက (၀.၇) ရာခိုင်နှုန်းကျဆင်းခဲ့သည်ဟု တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါကာလအတွင်း တရုတ်စီးပွားရေးလုပ်ငန်းကုမ္ပဏီများအနေဖြင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် သဘောတူစာချုပ်ချုပ်ဆိုနိုင်မှုပမာဏ ယွမ် (၇၅၃.၈၂) ဘီလီယံ ရှိခဲ့သည့်အတွက်၂၀၁၉ခုနှစ်၊ ပထမနှစ်ဝက်နှင့်နှိုင်းယှဉ်ပါက(၅)ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။ တရုတ်နိုင်ငံသည် ရပ်ဝန်းနှင့် ပိုးလမ်းမပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Belt and Road initiative) တွင် ပူးပေါင်းပါဝင်လျက်ရှိသည့်နိုင်ငံများသို့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၈.၁၂) ဘီလီယံရှိခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်၊ ကာလတူထက် (၁၉.၄) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

## လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ

၂၁။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း ကမ္ဘာတစ်ဝှမ်း COVID–19 ရောဂါကူးစက်ပျံ့နှံ့မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် တရုတ်နိုင်ငံ၏ လေကြောင်းသယ်ယူပို့ဆောင်မှုလုပ်ငန်းများသည် ယွမ် (၂၄.၅) ဘီလီယံခန့်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း လေကြောင်းဖြင့် ခရီးသွား လာသူဦးရေ (၃၀.၇၄) သန်း ရှိသည့်အတွက် ၂၀၁၉ ခုနှစ်၊ ဇွန်လနှင့်နှိုင်းယှဉ်ပါက (၄၃.၄) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ပထမနှစ်ဝက်တွင် လေကြောင်းဖြင့် ခရီးသွားလာသူဦးရေသည် ၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်နှင့် နှိုင်းယှဉ်ပါက (၄၅.၈) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

၂၂။ ၂၀၂၀ ပြည့်နှစ်၊ ဒုတိယလေးလပတ်တာကာလအတွင်း တရုတ်နိုင်ငံ၏ လေကြောင်းသယ်ယူ ပို့ဆောင်မှုလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာခဲ့ပါသည်။ အဆိုပါကာလအတွင်း တရုတ်နိုင်ငံ၏ လေကြောင်းသယ်ယူပို့ဆောင်မှုလုပ်ငန်းများတွင် ဆုံးရှုံးမှုပမာဏ ယွမ် (၃၄.၂၅) ဘီလီယံ (အမေရိ ကန်ဒေါ်လာ ၄.၉ ဘီလီယံ) ဖြစ်ပေါ်ခဲ့ရာ ပထမလေးလပတ်ကာလနှင့်နှိုင်းယှဉ်ပါက ဆုံးရှုံးမှုပမာဏ ယွမ် (၃.၈၅) ဘီလီယံ လျော့ကျခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လတွင်ဆုံးရှုံးမှုပမာဏ ယွမ်(၇.၆၂) ဘီလီယံရှိခဲ့ရာ ဖေဖော်ဝါရီလနှင့်နှိုင်းယှဉ်ပါက (၁၇) ဘီလီယံ၊ မေလနှင့်နှိုင်းယှဉ်ပါက (၃.၈) ဘီလီယံ လျော့ကျခဲ့ကြောင်း တရုတ်နိုင်ငံ၊ Civil Aviation Administration of China မှ ထုတ်ပြန်ကြေညာ ခဲ့ပါသည်။

## ရေနံနှင့်သဘာဝဓာတ်ငွေ့

၂၃။ တရုတ်နိုင်ငံ၊ အမျိုးသားစာရင်းအင်းဗျူရိုမှ ထုတ်ပြန်ကြေညာခဲ့သည့်အချက်အလက်များအရ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း တရုတ်နိုင်ငံသည် ရေနံစိမ်းတန်ချိန် (၅၃.၁၈) သန်း တင်သွင်းခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဇွန်လနှင့်နှိုင်းယှဉ်ပါက (၃၄.၄) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ပထမ နှစ်ဝက်တာကာလအတွင်း တရုတ်နိုင်ငံသည် ပြည်ပနိုင်ငံများမှ ရေနံစိမ်းတန်ချိန် (၂၆၉) သန်း တင်သွင်းခဲ့သည့်အတွက် ၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်နှင့်နှိုင်းယှဉ်ပါက (၉.၉) ရာခိုင်နှုန်း မြင့်တက်ခဲ့ ပါသည်။ နိုင်ငံတကာရေနံဈေးနှုန်းကျဆင်းမှုကြောင့် ၂၀၂၀ ပြည့်နှစ်၊ ပထမနှစ်ဝက်တာကာလ အတွင်း တရုတ်နိုင်ငံသည် ပြည်ပနိုင်ငံများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုမိုတင်သွင်းခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ဒုတိယနှစ်ဝက်တာကာလအတွင်း၌ စက်မှုလုပ်ငန်းများအနေဖြင့် လုပ်ငန်းလည်ပတ်မှုနှေး

ကွေးလာနိုင်သည့်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ဝယ်လိုအား လျော့ကျသွားမည်ဟု ကျွမ်းကျင်သူများမှ သတိပေးပြောကြားခဲ့ပါသည်။

၂၄။ ၂၀၂၀ ပြည့်နှစ်၊ ပထမ ၆ လတာကာလအတွင်း နိုင်ငံအတွင်း COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုများ ဖြစ်ပွားလျက်ရှိသော်လည်း တရုတ်နိုင်ငံသည် ရေနံထုတ်လုပ်မှုလုပ်ငန်းများ တည်ငြိမ်စွာ ဆက်လက်ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ်၊ ပထမနှစ်ဝက်တာကာလအတွင်း ရေနံစိမ်း တန်ချိန် (၉၇.၁၅) သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်ထက် (၁.၇) ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်ခဲ့ပါသည်။


၂၅။ တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လတွင် သဘာဝဓာတ်ငွေ့တန်ချိန် (၈.၃၃) သန်း တင်သွင်းခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဇွန်လနှင့်နှိုင်းယှဉ်ပါက (၁၀.၈) ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ပထမနှစ်ဝက်အတွင်း သဘာဝဓာတ်ငွေ့တန်ချိန် (၄၈.၃၆) သန်း တင်သွင်းခဲ့သည့်အတွက် ၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်နှင့်နှိုင်းယှဉ်ပါက (၃.၃) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ တရုတ်နိုင်ငံသည် ပြည်ပနိုင်ငံများမ ှသဘာဝဓာတ်ငွေ့ ပိုမိုတင်သွင်းခဲ့ခြင်းမှာ တရုတ်နှင့်ရုရှားနိုင်ငံတို့အကြား သဘာဝဓာတ်ငွေ့ တင်ပို့မှုစာချုပ်အသစ်ချုပ်ဆိုခဲ့ခြင်းနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းကျဆင်းမှုကြောင့် ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ပထမနှစ်ဝက်ကာလအတွင်း တရုတ်နိုင်ငံ၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုပမာဏကုဗမီတာ (၉၄) ဘီလီယံထိရောက်ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ပထမနှစ်ဝက်နှင့်နှိုင်းယှဉ်ပါက (၁၀.၃) ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။ ၂၀၂၀ပြည့်နှစ်၊ ဇွန်လအတွင်း သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုပမာဏသည် ကုဗမီတာ (၁၅.၂) ဘီလီယံရှိခဲ့ပြီး (၁၁.၃) ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။

## လက်လီရောင်းချမှုကဏ္ဍ

၂၆။ တရုတ်အမျိုးသားစာရင်းအင်းဗျူရိုမှ ထုတ်ပြန်ကြေညာခဲ့သည့်အချက်အလက်များအရ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှဖေဖော်ဝါရီလအတွင်း COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် lockdown ပြုလုပ်ခဲ့သည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုံးဝမရှိဘဲ လက်လီရောင်းချရမှုသည် ပြီးခဲ့သည့်နှစ်၊ ကာလတူထက် (၂၀.၅) ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါသည်။၂၀၂၀ ပြည့်နှစ်၊ မေလသို့အရောက်တွင် ပြည်တွင်းလက်လီရောင်းချရမှု ပြန်လည်မြင့်တက်လာခဲ့ရာ မေလအတွင်း လက်လီရောင်းချရမှုသည် ပြီးခဲ့သည့်နှစ်၊ ကာလတူထက် (၂.၈) ရာခိုင်နှုန်း၊ ဇွန်လတွင်(၁.၈)ရာခိုင်နှုန်းသာ အနည်းငယ်ကျဆင်းခဲ့ပါသည်။COVID-19 ကမ္ဘာ့ကပ်ရောဂါ ကူးစက်

ပျံ့နှံ့မှုများကြောင့် အဓိကစီးပွားရေးလုပ်ငန်းများ ရပ်တန့်လုနီးပါးဖြစ်ပေါ်ခဲ့သဖြင့် ကမ္ဘာ့စီးပွားရေး ကျဆင်းခဲ့သော်လည်း တရုတ်နိုင်ငံ၏ စီးပွားရေးသည် တစ်စထက်တစ်စ ပြန်လည်ကောင်းမွန်လာ ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်၊ ပထမနှစ်ဝက်အတွင်း ပြည်တွင်းလက်လီရောင်းချမှု ပြန်လည်ကောင်းမွန်လာပုံ အား ပြသသည့်ဇယား




Source: https://www.globaltimes.cn/content/1197572.shtml

၂၇။ ၂၀၂၀ ပြည့်နှစ်၊ ပထမနှစ်ဝက်ကာလအတွင်း ပြည်တွင်းလက်လီရောင်းချနိုင်မှုပမာဏ ယွမ် (၁၇.၂၂) ထရီလီယံ(အမေရိကန်ဒေါ်လာ (၂.၄၆) ထရီလီယံ) ရရှိခဲ့သည့်အတွက် ၂၀၁၉ ခုနှစ်၊ ပထမ နှစ်ဝက်နှင့်နှိုင်းယှဉ်ပါက (၁၁.၄) ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ ပြည်တွင်း၌ ရောဂါကူးစက်ပျံ့နှံ့မှုများ အား ထိန်းချုပ်နိုင်စေရန် ကြိုးပမ်းလုပ်ဆောင်ခဲ့သည့်နည်းတူ စီးပွားရေးဆိုင်ရာမူဝါဒများ ချမှတ်ခဲ့ သည့်အတွက် လက်လီရောင်းချရမှု တစ်စထက်တစ်စတိုးတက်လာပါသည်။ တရုတ်နိုင်ငံ၊ အမျိုး သားစာရင်းအင်းဗျူရိုမှ ထုတ်ပြန်ခဲ့သည့်စာရင်းဇယားများအရ တရုတ်နိုင်ငံ၏ ပြည်တွင်းလူသုံးကုန် ပစ္စည်းများလက်လီရောင်းချရမှုသည် ပထမနှစ်ဝက်တာကာလအတွင်း၌ အမေရိကန်ဒေါ်လာ (၂.၄၇) ထရီလီယံသာ ရရှိခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်ကာလတူထက် (၁၁.၄) ရာခိုင်နှုန်း လျော့နည်းကျ

ဆင်းခဲ့ပြီး onlineမှ ရောင်းချရမှုသည် တရုတ်ယွမ်ငွေ (၅.၁၅) ထရီလီယံ ရရှိခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်ကာလတူထက် (၇.၃) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

**စားသောက်ဆိုင်လုပ်ငန်းများ**

၂၈။ တရုတ်နိုင်ငံ၏ ပြည်တွင်းစားသုံးမှုကဏ္ဍသည် နိုင်ငံအတွင်း COVID-19 ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုဖြစ်ပွားမှုမတိုင်မီကာလများ၏ (၇၀) ရာခိုင်နှုန်းမှ (၈၀) ရာခိုင်နှုန်းအထိ ပြန်လည်ကောင်းမွန်လာပြီဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ပထမ နှစ်ဝက်အတွင်း၌ ပြည်တွင်းရှိ စားသောက်ဆိုင်လုပ်ငန်းများမှ ရောင်းချရမှုဝင်ငွေသည် တရုတ်ယွမ်ငွေ (၁.၄၆) ထရီလီယမ် (အမေရိကန်ဒေါ်လာ (၂၁၀) ဘီလီယံ) ရရှိခဲ့ပါသည်။ ထိုကဲ့သို့ လုပ်ငန်းများ ပြန်လည်ကောင်းမွန်စပြုလာပြီဖြစ်သော်လည်း စားသောက်ဆိုင်လုပ်ငန်းများအနေဖြင့် မူဝါဒအခက်အခဲ၊ ငှားရမ်းခ၊ ကော်မရှင်ကြေးမြင့်မားခြင်း၊ အရင်းအနှီးနည်းပါးခြင်း စသည့်စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။

**သုံးသပ်ချက်နှင့် နိဂုံး**

၂၉။ တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်၊ ပထမ (၆) လတာကာလအတွင်း၌ ပြည်တွင်း၌ COVID-19 ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ ခိုင်မာအားကောင်းစွာ ဆောင်ရွက်လျက်ရှိသည့်နည်းတူ ပြည်တွင်း/ ပြည်ပဈေးကွက်ဝယ်လိုအားမြင့်တက်စေရန်၊ စီးပွားရေးလုပ်ငန်းများ ခိုင်မာအားကောင်းစေရန် ကြိုးပမ်းလုပ်ဆောင်ခဲ့ပြီး စီးပွားရေးလုပ်ငန်းများ ပုံမှန်နီးပါးအတိုင်း ပြန်လည်လုပ်ဆောင်နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာတစ်ဝှမ်း COVID-19 ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးလုပ်ငန်းများတွင် မသေချာမှုများ မြင့်တက်လျက်ရှိသော်လည်း တရုတ်နိုင်ငံသည် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် စီမံဆောင်ရွက်မှုများ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

၃၀။ တရုတ်နိုင်ငံအနေဖြင့် ဘဏ္ဍာရေးနှင့် ငွေကြေးတုံ့ပြန်မှုမူဝါဒများ အပါအဝင် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများအား အချိန်နှင့်တပြေးညီ လိုက်ပါဆောင်ရွက်ပေးလျက်ရှိပါသည်။ COVID -19 ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေးကျဆင်းမှုများ မဖြစ်ပေါ်စေရန် နိုင်ငံအနေဖြင့် ဘဏ္ဍာငွေပိုမိုအသုံးပြုခြင်း၊ အခွန်အကောက်များ သက်သာခွင့်ပြုခြင်း၊ ငှားရမ်းခများဖြတ်တောက်ပေးခြင်း၊ ဘဏ်များအနေဖြင့်လည်း COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ထိခိုက်ခြင်းခံခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်နလန်ထူလာနိုင်စေရန်နှင့် အလုပ်အကိုင်ရရှိမှုအပေါ် အထောက်အကူဖြစ်စေမည့် လုပ်

ထုံးလုပ်နည်းများချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ဈေးကွက်ခိုင်မာစေရန်နှင့် ယှဉ်ပြိုင်မှုရရှိစေရန် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများနှင့် ထုတ်လုပ်မှုအား ပြန်လည်တိုးတက်စေရန် လှုံ့ဆော်ရာတွင် အထောက်အကူဖြစ်စေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃၁။ တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဖွင့်လှစ်ပေးရန်၊ ကမ္ဘာ့နိုင်ငံများအနေဖြင့် COVID-19 ကမ္ဘာ့ကပ်ရောဂါအား ထိရောက်စွာကုသနိုင်ရေး၊ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကျဆင်းမှုကြောင့် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများအပေါ် သက်ရောက်လာနိုင်မှုများ လျော့ပါးသက်သာသွားစေမည့်နည်းလမ်းများအား လုပ်ဆောင်သွားရန်လိုအပ်ကြောင်း ကမ္ဘာ့ဘဏ်၏ တရုတ်နိုင်ငံဆိုင်ရာဒါရိုက်တာဖြစ်သူ Martin Raiser မှ အကြံပြု ပြောကြားခဲ့ပါသည်။

၃၂။ ကမ္ဘာ့စီးပွားရေးအခြေအနေ မသေချာမှုများ၊ ရှုပ်ထွေးမှုများဖြင့်ရင်ဆိုင်နေရသည့်အချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတည်ငြိမ်မှုရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ တရုတ်နိုင်ငံတွင် ကြီးမားသည့်ဈေးကွက်ရှိခြင်း၊ ဈေးကွက်လိုအပ်ချက်မြင့်တက်လျက်ရှိခြင်း၊ ပြည့်စုံကောင်းမွန်သည့်စက်မှုလုပ်ငန်းစနစ်ရှိခြင်း၊ လုပ်သားအင်အားနှင့် လူမှုပတ်ဝန်းကျင်တည်ငြိမ်မှုရှိခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပြန်လည်မြင့်တက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၃၃။ တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်၊ ပထမ လေးလပတ်ကာလဖြစ်သည့် ဇန်နဝါရီလမှ မတ်လအတွင်း နိုင်ငံ၏ စီးပွားရေးဆိုင်ရာအညွှန်းကိန်းများ သိသာစွာ ကျဆင်းခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်၊ ဒုတိယလေးလပတ်ကာလအတွင်း၌ ဘဏ္ဍာငွေကြေး၊ ပြည်ပကုန်သွယ်မှုနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများစသည့် အညွှန်းကိန်းများ တစ်စထက်တစ်စ ပြန်လည်ကောင်းမွန်လာကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆိုပါကာလများအတွင်း အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စုနှင့် ဖြစ်ပွားလျက်ရှိသည့်ပြဿနာရပ်များကြောင့် နှစ်နိုင်ငံကုန်သွယ်မှုအဆမတန်ကျဆင်းခဲ့ပြီး အာဆီယံနိုင်ငံများသည် တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံတစ်ခုအဖြစ်သို့ ရောက်ရှိလာပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

**ကိုးကားစာရင်း**

(၁) https://www.chinadaily.com.cn/a/202007/16/WS5f0fcb5da310834817259e82.html

(၂) http://global.chinadaily.com.cn/a/202007/17/WS5f10ec4da31083481725a0ec. html

(၃) http://global.chinadaily.com.cn/a/202007/16/WS5f0fb4b8a310834817259d7e.html

(၄) https://www.globaltimes.cn/content/1194447.shtml

(၅) http://global.chinadaily.com.cn/a/202007/16/WS5f0fb4b8a310834817259d7e. html

(၆) https://www.globaltimes.cn/content/1194781.shtml

(၇) (၁၃)ကြိမ်မြောက် အမျိုးသား ပြည်သူ့ကွန်ဂရက်(13th National People's Congress–NPC)နှင့် (၁၃) ကြိမ်မြောက် တရုတ်နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (13th National Com – mittee of Chinese People's Political Consultative Conference–CPPCC) တတိယ အကြိမ်နှစ်ပတ်လည်အစည်းအဝေး၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် Li Keqiang တင်သွင်းသည့်အစိုးရ၏လုပ်ငန်းအစီရင်ခံစာ